ISP On Point 2026

OP2026-06 I October 5, 2026

# မြန်မာစစ်တပ်၏ ရခိုင်ထိုးစစ်

## ကနဦးသုံးသပ်ချက်နှင့် ဖြစ်တန်ခြေသုံးရပ်

ရခိုင်ပြည်နယ်အတွင်းက တိုက်ပွဲများသည် ဘက်စုံစစ်ပွဲ (total war) အသွင် ဆောင်နေသည်။ အခြားသောဒေသများတွင် ဖြစ်နေသော တိုက်ပွဲသဘောတရားများနှင့် ကွဲပြားပြီး ရက်စက်ကြမ်းကြုတ်မှုများလည်း ပိုဖြစ်လာနိုင်သည်။ မြန်မာစစ်တပ်အတွက် ရခိုင်စစ်မျက်နှာစာသည် ဂုဏ်သိက္ခာအတွက်ရော မဟာဗျူဟာအရပါ အရေးကြီး နေသည်။ ထို့ကြောင့်ပင် ULA/AA ၏ ထိန်းချုပ်နယ်မြေအားလုံး သို့မဟုတ် အစိတ်အပိုင်း အချို့ကို ပြန်လည်ရယူနိုင်ရန် ထောင်နှင့်ချီသော စစ်အင်အားအလုံးအရင်းဖြင့် ထိုးစစ်ဆင်နေခြင်းဖြစ်သည်။

OP2026-06 I October 5, 2026

# မြန်မာစစ်တပ်၏ ရခိုင်ထိုးစစ် ကနဦးသုံးသပ်ချက်နှင့် ဖြစ်တန်ခြေသုံးရပ်

## ■ ဖြစ်ရပ်အချက်အလက်

၂၀၂၆ ခုနှစ် စက်တင်ဘာလဆန်းကစပြီး မြန်မာစစ်တပ်ဟာ အာရက္ခတပ်တော် (ULA/AA) ရဲ့ ထိန်းချုပ်နယ်မြေတွေကို ခြေလျင်စစ်သည် အင်အား ၂,၀၀၀ ဝန်းကျင်အသုံးပြုပြီး လမ်းကြောင်းပေါင်းစုံကနေ ကြည်း၊ ရေ၊ လေ ပူးတွဲထိုးစစ်ဆင် တိုက်ခိုက်နေပါတယ်။ စက်တင်ဘာ ၄ ရက်ကစလို့ ရခိုင်ပြည်နယ်အတွင်းက ကျောက်ဖြူ၊ စစ်တွေနဲ့ ပုဏ္ဏားကျွန်းမြို့နယ်တွေအပြင် ရခိုင်ပြည်နယ်နဲ့ ထိစပ်နေတဲ့ မကွေးတိုင်း မင်းတုန်းနဲ့ ဆောမြို့နယ်၊ ပဲခူးတိုင်း ပန်းတောင်းမြို့နယ်၊ ဧရာဝတီတိုင်း ရေကြည်နဲ့ လေးမျက်နှာမြို့နယ်တွေမှာ တိုက်ပွဲတွေပြင်းထန်နေပါတယ်။ ဒီစစ်ဆင်ရေးအကြောင်းကို နေပြည်တော်ဘက်က တရားဝင်ထုတ်ပြန်ထားတာမရှိပေမဲ့ စစ်တပ်ထောက်ခံသူတွေက ‘၄၉၂၆ စစ်ဆင်ရေး’ သို့မဟုတ် ‘ရန်နိုင်အောင် စစ်ဆင်ရေး’လို့ ဖော်ပြကြပါတယ်။ နေ့စဉ် တိုက်ပွဲတွေပြင်းထန်နေပေမဲ့ အခုအချိန်ထိ ULA/AA ဘက်က နယ်မြေဆုံးရှုံးမှု မရှိသေးပါဘူး [ISP ညွှန်းပြမြေပုံ အမှတ်-၃၂၊ ၂၀၂၆ (ISP-M2026-032)ကိုရှုပါ]။

## ■ ကနဦးသုံးသပ်ချက်

ULA/AA ရဲ့ ထိန်းချုပ်နယ်မြေတွေကို ထိုးစစ်ဆင်ဖို့ကြိုးစားတဲ့ မြန်မာစစ်တပ်ရဲ့ စစ်ဆင်ရေး ဖြစ်စဉ်ကို အဆင့်သုံးဆင့်ခွဲပြီး လေ့လာကြည့်နိုင်ပါတယ်။ ပထမအဆင့်ကတော့ ထိုးစစ်အတွက် ကြိုတင်ပြင်ဆင်မှု ဖြစ်ပါတယ်။ ၂၀၂၅ ခုနှစ် နှောင်းပိုင်းကတည်းက ရခိုင်စစ်မျက်နှာအတွက် မြန်မာစစ်တပ်ဟာ ပြင်ဆင်နေခဲ့ပါတယ်။ အခုစစ်ဆင်ရေးမစခင်ကတည်းက ကမ်းရိုးတန်းတလျှောက် စစ်ရေယာဉ်တွေ တိုးမြှင့်ချထားခဲ့ပြီး လက်နက်ကြီးနဲ့ လေကြောင်းတိုက်ခိုက်မှုတွေ ဆက်တိုက်လုပ်ခဲ့ပါတယ်။ ၂၀၂၆ ခုနှစ် ဩဂုတ်လကုန်ပိုင်းမှာ လေကြောင်းတိုက်ခိုက်မှုတွေ လုပ်နေခဲ့သလို ရေကြောင်းနဲ့ ကြည်းကြောင်းကတဆင့် အင်အားဖြည့်တင်းတာကို တပြိုင်နက်တည်း လုပ်ခဲ့ပါတယ်။ အဲဒီကာလအတွင်း ဧရာဝတီတိုင်း ရွှေသောင်ယံမြို့ကတဆင့် ULA/AA ထိန်းချုပ်ထားတဲ့ ဘောမိနဲ့ မကျီးဇင်ရွာဘက်တွေအပြင် ပဲခူးတိုင်း ပန်းတောင်းမြို့နယ်ထဲက အမှတ်(၁၆)ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ-၁၆) ဘက်တွေကိုလည်း အင်အားဖြည့်ခဲ့ပါသေးတယ်။

# မြန်မာစစ်တပ်ဖော်ဆောင်နေသော ‘ရန်နိုင်အောင်’စစ်ဆင်ရေး

၂၀၂၆ ခုနှစ် စက်တင်ဘာ ၄ ရက်ကစ၍ မြန်မာစစ်တပ်သည် အာရက္ခတပ်တော် (ULA/AA)၏ ထိန်းချုပ်နယ်မြေများကို ကြည်း၊ ရေ၊ လေ လမ်းကြောင်းပေါင်းစုံမှ ထိုးစစ်ဆင်ခဲ့သည်။ ယင်းစစ်ဆင်ရေးအတွင်း ယနေ့အထိ ထိတွေ့တိုက်ပွဲပေါင်း ၃၂ ကြိမ် ထက်မနည်းနှင့် လေကြောင်းတိုက်ခိုက်မှု အနည်းဆုံး ၇၁ ကြိမ်ရှိခဲ့ပြီး အရပ်သား ၇၀ ဦးထက်မနည်း သေဆုံးခဲ့သည်။ တိုက်ပွဲများ ပြင်းထန်လျက်ရှိသော်လည်း ULA/AA ဘက်တွင် နယ်မြေဆုံးရှုံးမှု မရှိသေးပေ။




**ဒေတာအချက်အလက် -၂၀၂၆ ခုနှစ် စက်တင်ဘာ ၁ ရက်ကနေ ၂၉ ရက်အထိ။** ISP-Myanmar ၏ ပဋိပက္ခ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးဆိုင်ရာလေ့လာမှု (Conflict, Peace and Security Studies) သုတေသနပြုလေ့လာချက်များထဲက တစိတ်တပိုင်းဖြစ်ပြီး အများပြည်သူ လွတ်လပ်စွာ ရယူကြည့်ရှုနိုင်သော ရင်းမြစ်များ (open-source)ကိုသာ အသုံးပြုထားသည်။ ဒေတာရရှိမှုအကန့်အသတ်နှင့် နည်းနာပိုင်းမူကွဲများကြောင့် ကွဲလွဲမှုတစုံတရာ ရှိကောင်းရှိနိုင်ပါသည်။

## ရခိုင်ပြည်နယ်အတွင်း လေကြောင်းတိုက်ခိုက်မှုများ

အာဏာသိမ်းမှုအလွန် ငါးနှစ်ကျော်ကာလအတွင်း ရခိုင်ပြည်နယ်တွင် မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှု ၉၈၂ ကြိမ်ထက်မနည်းရှိခဲ့ပြီး အရပ်သား ၆၆၁ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုများသည် စစ်ရေးပစ်မှတ်များသာမက အရပ်သားများ ရှိနေသော စာသင်ကျောင်း၊ သာသနိကအဆောက်အအုံ၊ ဆေးရုံ၊ စစ်ဘေးဒုက္ခသည်စခန်းများနှင့် အနီးတဝိုက်နေရာများကိုပါ ပစ်မှတ်ထားခဲ့သဖြင့် အစုအပြုံလိုက်သတ်ဖြတ်ခံရမှုများလည်း များပြားခဲ့သည်။ အာဏာသိမ်းမှုအလွန် ရခိုင်ပြည်နယ်အတွင်း အရပ်သား ၁၀ ဦးနှင့်အထက် အစုအပြုံလိုက်သတ်ဖြတ်ခံရမှု ၁၆ ကြိမ်ထက်မနည်းရှိခဲ့ပြီး ၁၂ ကြိမ်မှာ လေကြောင်းတိုက်ခိုက်မှုများကြောင့်ဖြစ်သည်။ ယခုနှစ် စက်တင်ဘာ ၂၈ ရက်ကလည်း ရခိုင်ပြည်နယ် ကျောက်တော်မြို့ အိန္ဒိယစျေးနှင့် ကစ္ဆပနဒီတံတားအနီးဝန်းကျင်တွင် မြန်မာစစ်တပ်၏ လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား ၅၀ ဦးထက်မနည်း သေဆုံးခဲ့ရသည်။ ထိုပမာဏသည် ရခိုင်ပြည်နယ်အတွင်း လေကြောင်းတိုက်ခိုက်မှုကြောင့် အရပ်သား အများဆုံးသေဆုံးခဲ့ရသောဖြစ်စဉ် ဖြစ်ခဲ့သည်။

မြန်မာစစ်တပ်တွင် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဖြစ်လာပြီးနောက်ပိုင်း လေကြောင်းတိုက်ခိုက်မှုဆိုင်ရာ အမိန့်ပေးကွပ်ကဲမှုကို တိုင်းမှူးအဆင့်အထိ လျှော့ချခဲ့သည်။ လေယာဉ် ငါးစင်းမှ ခုနစ်စင်းအထိ အုပ်ဖွဲ့ပျံသန်းပြီး ယခင်ထက် ပိုမိုပြင်းထန်သော လေကြောင်းတိုက်ခိုက်မှုပုံစံကိုလည်း ပြောင်းလဲအသုံးပြုလာခဲ့သည်။ ဗိုလ်ချုပ်ကြီး ရဲဝင်းဦး တာဝန်ယူပြီးနောက်ပိုင်း ရခိုင်ပြည်နယ်အတွင်း လေကြောင်းတိုက်ခိုက်မှု ၃၂၅ ကြိမ်ထက်မနည်းရှိခဲ့ပြီး နိုင်ငံတဝန်း ဒုတိယအများဆုံးဖြစ်ခဲ့သည်။ အဆိုပါ လေကြောင်းတိုက်ခိုက်မှုများ၏ ၉၀ ရာခိုင်နှုန်းသည် ULA/AA ထိန်းချုပ်ထားသည့် မြို့နယ် ၁၄ ခုကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ဒါ့အပြင် မကွေးတိုင်း သရက်မြို့နယ်ထဲက အမှတ်(၁၂) ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ-၁၂)၊ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်ထဲက တောင်မော်ဦးရေတပ်စခန်းနဲ့ စစ်တွေမြို့နယ် ရွှေမင်းဂံရေတပ်စခန်းတွေမှာလည်း အင်အားအလုံးအရင်း ဖြည့်တင်းခဲ့ပါတယ်။ အသစ်ဖြည့်တင်းခဲ့တဲ့ အင်အားတွေထဲမှာ ပဲခူးတိုင်းအနောက်ပိုင်း အင်းမမြို့အခြေစိုက် အမှတ် (၆၆) ခြေမြန်တပ်မဌာနချုပ် (တပ်မ-၆၆)၊ မကွေးတိုင်း ပခုက္ကူမြို့အခြေစိုက် အမှတ် (၁၀၁) ခြေမြန်တပ်မဌာနချုပ် (တပ်မ-၁၀၁)၊ ရှမ်းတောင် မိုင်းပန်မြို့အခြေစိုက် အမှတ်(၁၇)စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ-၁၇)၊ တနင်္သာရီတိုင်း ခမောက်ကြီးမြို့နယ်အခြေစိုက် အမှတ် (၂၀) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ-၂၀) ရဲ့ လက်အောက်ခံတပ်ရင်းတွေ ပါဝင်ပါတယ်။ ဒါ့အပြင် ULA/AA က ကျောက်တော်နဲ့ ဘူးသီးတောင်မြို့တွေကို သိမ်းထားလို့ စစ်တွေနဲ့ ကျောက်ဖြူမြို့တွေဆီ ပြောင်းပြီး ရုံးစိုက်နေရတဲ့ ကျောက်တော်မြို့အခြေစိုက် အမှတ် (၉) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ-၉)နဲ့ ဘူးသီးတောင်မြို့အခြေစိုက် အမှတ်(၁၅)

စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ-၁၅) ရဲ့ လက်အောက်ခံတပ်ရင်းတွေလည်း ပါဝင်ပြီး စုစုပေါင်း အင်အား ၂,၀၀၀ ဝန်းကျင် ရှိပါတယ်။ စစ်သင်္ဘော ၁၀ စင်းထက်မနည်းလည်း စစ်တွေ၊ ရမ်းဗြဲ၊ သံတွဲ နဲ့ ဂွ စတဲ့ မြို့နယ်တွေရဲ့ အနီးဝန်းကျင်မှာ ရှိနေတယ်လို့ ရမ်းဗြဲနဲ့ ဂွဒေသခံတချို့ကို ကိုးကားပြီး BBC မြန်မာပိုင်းသတင်းဌာနက စက်တင်ဘာ ၉ ရက်မှာ ဖော်ပြခဲ့ပါတယ်။

ဒုတိယအဆင့်ကတော့ ကနဦး စစ်ဆင်ရေးတွေကို ကြည့်နိုင်ပါတယ်။ ဖယ်ခုံအခြေစိုက် အမှတ်(၇) စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ် (စကခ-၇)မှာ စစ်ဆင်ရေးကွပ်ကဲရေးမှူး (တပ်မမှူး) တာဝန်ယူခဲ့တဲ့ ဗိုလ်ချုပ် ကျော်ဇောဟာ ၂၀၂၆ ခုနှစ် ဧပြီလမှာ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် (နပခ) တိုင်းမှူး ဖြစ်လာပါတယ်။ နပခအခြေစိုက်ရာ အမ်းမြို့ကို ULA/AA က သိမ်းယူထားတဲ့အတွက် လက်ရှိ နပခ တိုင်းမှူးဟာ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ)မှာ ရုံးစိုက်ပြီး ထိုးစစ်တွေကို ကွပ်ကဲနေပါတယ်။ အဲဒီနောက် ဧပြီလထဲမှာပဲ ကျောက်ဖြူ၊ သံတွဲ၊ တောင်ကုတ်နဲ့ ဂွမြို့နယ်တွေမှာ ကမ်းတက်စစ်ဆင်ရေး ဖော်ဆောင်ဖို့ ကြိုးပမ်းခဲ့ပါသေးတယ်။ ရခိုင်ပြည်နယ်နဲ့ ထိစပ်နေတဲ့ ချင်းပြည်နယ်တောင်ပိုင်းက ပလက်ဝ၊ မင်းတပ်နဲ့ မတူပီမြို့နယ်တို့ကို ဇွန်နဲ့ ဇူလိုင်လတွေမှာ အင်အား ၁,၀၀၀ ဝန်းကျင်နဲ့ ထိုးစစ် ဆင်ခဲ့ပါသေးတယ်။ ဩဂုတ်လဆန်းမှာ မင်းတပ်နဲ့ ကန်ပက်လက်မြို့နယ်အစပ်က တိုက်ပွဲမှာ မြန်မာ စစ်တပ်ရဲ့ တပ်ရင်းမှူးအပါအဝင် အကျအဆုံးများခဲ့ပါတယ်။ အဲဒီနောက်ပိုင်း ချင်းပြည်နယ်တောင် ပိုင်းမှာ ထိုးစစ်တွေ အရှိန်လျော့ကျသွားပါတယ်။ စက်တင်ဘာ ၂၀ ရက်မှာတော့ ချင်းပြည်နယ် တောင်ပိုင်းနဲ့ ထိစပ်နေတဲ့ မကွေးတိုင်း လောင်းရှည်မြို့အနီးက အမှတ် (၂၅) ကာကွယ်ရေးပစ္စည်း စက်ရုံ (ကပစ-၂၅) မှာ စစ်သည်အင်အား ၁,၀၀၀ ဝန်းကျင် ထပ်မံဖြည့်တင်းခဲ့ပါတယ်။

တတိယအဆင့်က စစ်ဆင်ရေးကို အရှိန်မြှင့် အကောင်အထည်ဖော်တာ ဖြစ်ပါတယ်။ စက်တင်ဘာ ၄ ရက်ကစပြီး စစ်တွေနဲ့ ပုဏ္ဏားကျွန်းမြို့နယ်အစပ်မှာ စစ်ကြောင်းသုံးကြောင်း၊ ကျောက်ဖြူမြို့နယ် တောင်မော်ဦး ရေတပ်စခန်းဘက်ကနေ စစ်ကြောင်းတကြောင်း၊ ရောဝတီတိုင်းအတွင်းက နေရာသုံး နေရာအပြင် ပဲခူးတိုင်းနဲ့ မကွေးတိုင်းတွေဘက်မှာလည်း စစ်ကြောင်းတကြောင်းစီနဲ့ စုစုပေါင်း စစ်ကြောင်းခုနစ်ကြောင်း ထိုးစစ်ဆင်ခဲ့ပါတယ်။ ဒီထိုးစစ်လုပ်တဲ့အချိန်မှာပဲ ကမ်းရိုးတန်းတလျှောက် မှာရှိတဲ့ စစ်သင်္ဘောတွေက လက်နက်ကြီးပစ်ကူပေးခဲ့သလို လေကြောင်းတိုက်ခိုက်မှုတွေလည်း ပြင်းပြင်းထန်ထန် လုပ်ခဲ့ပါတယ်။ ULA/AA ဘက်ကလည်း မဆုတ်တမ်း ခံစစ်ဆင်ခဲ့သလို တချို့ နေရာတွေ (အထူးသဖြင့် စစ်တွေနဲ့ ပုဏ္ဏားကျွန်းမြို့နယ်အစပ်) မှာ ULA/AA ဘက်က လျှပ်တပြက် တန်ပြန်ထိုးစစ်ဆင်မှု လုပ်ခဲ့ပါတယ်။ ဒီစစ်ဆင်ရေးမှာ နှစ်ဖက်လုံးက FPV ဒရုန်းတွေကို တွင်တွင် ကျယ်ကျယ်အသုံးပြုခဲ့တာ တွေ့ရပါတယ်။ ရခိုင်ပြည်နယ်အတွင်း မြန်မာစစ်တပ်နဲ့ ULA/AA တို့ အကြား ဖြစ်ပွားနေတဲ့ တိုက်ပွဲတွေက ဘက်စုံစစ်ပွဲ (total war) သဏ္ဌာန် ပြင်းထန်တဲ့ မဟာဗျူဟာ မြောက်စစ်ပွဲအသွင် ဆောင်လာပါတယ်။ တခြားဒေသက ပြောက်ကျားစစ်ပွဲတွေ (low intensity

conflict) နဲ့ ကွဲပြားပါတယ်။ ULA/AA ဘက်က မြို့သိမ်း၊ စခန်းသိမ်းနဲ့ မြေပြင်ထိန်းချုပ်ရေး နေရာယူစစ်ပွဲပုံစံ ဖော်ဆောင်ပါတယ်။ မြန်မာစစ်တပ်ဘက်က ကြည်း၊ ရေ၊ လေ ပူးတွဲစစ်ဆင်ရေးနဲ့အတူ လက်လွှတ်ဆုံးရှုံးထားရတဲ့ နယ်မြေတွေကို အပြီးသတ် ပြန်လည်ရယူထိန်းချုပ်နိုင်ရေးအတွက် ပိတ်ဆို့တိုက်ခိုက်တဲ့ စစ်ပွဲပုံစံမျိုး လုပ်ဆောင်ပါတယ်။ အနီးခေတ်သမိုင်းမှာ အခုလို ထိုးစစ်ကြီးတွေကို ကရင်အမျိုးသားအစည်းအရုံး (KNU) ရဲ့ မာနယ်ပလော ဌာနချုပ် (၁၉၉၂-၁၉၉၅ ခုနှစ်)ကို သိမ်းယူတာနဲ့ ကိုးကန့်ဒေသက ဖုန်ကြားရှင်ဦးဆောင်တဲ့ မြန်မာအမျိုးသားဒီမိုကရေစီမဟာမိတ်တပ်မတော် (MNDAA) အပေါ် ဆင်နွှဲတဲ့ လောက်ကိုင်စစ်ပွဲ (၂၀၁၅ ခုနှစ်)တို့မှာလည်း တွေ့ရပါတယ်။

အခုစစ်ဆင်ရေးအပေါ် တရုတ်နိုင်ငံရဲ့ တုံ့ပြန်မှုကိုလည်း သိသိသာသာ မြင်တွေ့ရပါတယ်။ အထူးသဖြင့် စစ်ဆင်ရေးပြင်းထန်နေချိန် စက်တင်ဘာ ၁၀ ရက်မှာ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးရဲ့ သံမှူးကြီး မစ္စတာ ကျားကျွင်းကျယ် (Minister-Counselor Jia Junjie) ကျောက်ဖြူမြို့ကို ရောက်လာပြီး တရုတ်လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံခဲ့ပါတယ်။ တွေ့ဆုံစဉ်မှာ ပြည်ပရောက် တရုတ်နိုင်ငံသားတွေရဲ့လုံခြုံရေးကို တရုတ်အစိုးရက အစဉ်အလေးထားကြောင်း ပြောကြားခဲ့ပါတယ်။ ဒီလိုမျိုး တိုက်ပွဲဖြစ်နေတဲ့ဒေသနဲ့ တိုက်ပွဲဖြစ်နေတဲ့အချိန်မှာ တရုတ်နိုင်ငံက တာဝန်ရှိသူတွေအနေနဲ့ လာရောက်ပြီး လူလုံးထွက်ပြတာက ULA/AA အပေါ် ဖိအားဖြစ်စေနိုင်ပါတယ်။ ဒီမတိုင်ခင်ကလည်း ဂျပန်နိုင်ငံ နိပ္ပွန်ဖောင်ဒေးရှင်း ဥက္ကဋ္ဌ မစ္စတာ ဆာဆာကာဝါဟာ နေပြည်တော်နဲ့ ULA/AA အကြား ကြိုတင်သတ်မှတ်ချက်မရှိတဲ့ တွေ့ဆုံမှုတရပ် ပြုလုပ်နိုင်ဖို့ ကြိုးစားနေတယ်လို့ ဘင်္ဂလားဒေ့ရှ်အခြေစိုက် New Age သတင်းဌာနက ဩဂုတ် ၇ ရက်မှာ ဖော်ပြခဲ့ပါတယ်။ အာဏာသိမ်းမှုမတိုင်ခင် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတုန်းက မစ္စတာ ဆာဆာကာဝါရဲ့ ကြားဝင်စေ့စပ်မှုနဲ့အတူ မြန်မာစစ်တပ်နဲ့ ULA/AA တို့အကြား ရွေးကောက်ပွဲကို အကြောင်းပြုပြီး အလွတ်သဘော အပစ်ရပ်ခဲ့ကြဖူးပါတယ်။ ဒီအပစ်ရပ်မှုက ၂၀၂၂ ခုနှစ် ဇူလိုင်လအထိ တည်မြဲခဲ့ပါတယ်။ အဲဒီနောက်ပိုင်း တိုက်ပွဲတွေ ပြန်ဖြစ်ခဲ့ပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလထဲမှာပဲ မစ္စတာဆာဆာကာဝါရဲ့ ကြားဝင်မှုနဲ့အတူ ထပ်ပြီးအပစ်ရပ်ခဲ့တာဟာ ‘စစ်ဆင်ရေး ၁၀၂၇’မတိုင်ခင်အထိ ဖြစ်ပါတယ်။

## ■ ဖြစ်တန်ခြေ အကဲဖြတ်ချက်

အခုစစ်ဆင်ရေးမှာ မြန်မာစစ်တပ်ဟာ ကြည်း၊ ရေ၊ လေ ပူးတွဲပြီး ထိုးစစ်ဆင်နေတာကြောင့် အရပ်သားထိခိုက်သေဆုံးမှုတွေ ပိုပြီးမြင့်တက်နိုင်ပါတယ်။ စက်တင်ဘာ ၄ ရက်ကနေ အခုအချိန်အထိ လေကြောင်းနဲ့ လက်နက်ကြီးတိုက်ခိုက်မှုတွေကြောင့် အရပ်သား ၇၀ ဦးထက်မနည်း သေဆုံးခဲ့ပါပြီ။ ကျောက်ဖြူ၊ စစ်တွေ၊ ပုဏ္ဏားကျွန်းနဲ့ ရသေ့တောင် မြို့နယ်လေးခုမှာရှိတဲ့ ကျေးရွာ ၂၄ ရွာခန့်မှာ နေရပ်စွန့်ခွာထွက်ပြေးရသူ အနည်းဆုံး ၆,၀၀၀ ကျော်ထက်မနည်း ရှိနေပါတယ်။ UNOCHA က

၂၀၂၅ ခုနှစ်မှာထုတ်ပြန်တဲ့ အစီအရင်ခံစာအရ ရခိုင်ပြည်နယ်လူဦးရေရဲ့ ၁၈ ဒသမ ၅ ရာခိုင်နှုန်း (၄၆၈,၁၀၀ နီးပါး)ဟာ စစ်ဘေးဒုက္ခသည်တွေ ဖြစ်နေပါပြီ။ ဒီနယ်မြေတွေမှာ ကြုံတွေ့ရနိုင်တဲ့ အခြေအနေများစွာထဲက ဖြစ်တန်ခြေသုံးခုကို ထုတ်နုတ်အကဲဖြတ်ပါမယ်။ ပထမဖြစ်တန်ခြေကတော့ ရခိုင်ပြည်နယ်အတွင်းက တိုက်ပွဲတွေဟာ ဘက်စုံစစ်ပွဲ (total war) အသွင်ဆောင်နေပါတယ်။ ဒါကြောင့်ပဲ တခြားဒေသမှာဖြစ်နေတဲ့ တိုက်ပွဲသဘောတရားတွေနဲ့ ကွဲပြားပြီး ရက်စက်ကြမ်းကြုတ်မှုတွေ ပိုဖြစ်လာနိုင်ပါတယ်။ မြန်မာစစ်တပ်အတွက် ရခိုင်စစ်မျက်နှာစာက တိုက်ပွဲတွေဟာ ဂုဏ်သိက္ခာအတွက်ရော မဟာဗျူဟာအရပါ အရေးကြီးပါတယ်။ ဒါကြောင့်လည်း ULA/AA ရဲ့ ထိန်းချုပ်နယ်မြေအားလုံး သို့မဟုတ် အစိတ်အပိုင်းတချို့ကို ပြန်လည်ရယူဖို့အတွက် ထောင်နဲ့ချီတဲ့ စစ်အင်အားအလုံးအရင်းနဲ့ ထိုးစစ်ဆင်နေတာပါ။ အဲဒါအပြင် စစ်မြေပြင်မှာ စစ်ရေးပစ်မှတ်ကို ခွဲခြားသတ်မှတ်တာ (target identification) မရှိဘဲ အရပ်သားပစ်မှတ်တွေကိုပါ တိုက်ခိုက်တဲ့အတွက် အစုအပြုံလိုက်သတ်ဖြတ်ခံရမှုတွေရော နေရပ်စွန့်ခွာထွက်ပြေးရသူ အရေအတွက်ပါ မြင့်တက်လာပါပြီ။ စစ်ပွဲသဏ္ဍာန်မှာ ဘက်စုံစစ်ပွဲသဖွယ် ပြင်းထန်လာပေမဲ့ မြန်မာစစ်တပ်ဟာ အခုအထိတော့ နယ်မြေပြန်လည်စိုးမိုးနိုင်တာ မရှိသေးပါဘူး။ ရခိုင်ပြည်နယ်အပြင် ကချင်ပြည်နယ် ဗန်းမော်စစ်မျက်နှာနဲ့ ကရင်ပြည်နယ် ဖာပွန်နဲ့ မြဝတီစစ်မျက်နှာတွေမှာလည်း မြန်မာစစ်တပ်ဟာ အင်အားအများအပြားတပ်ဖြန့်ထားရပါတယ်။ ရခိုင်စစ်မျက်နှာမှာ နယ်မြေစိုးမိုးမှုအပြောင်းအလဲဖြစ်လောက်တဲ့ စစ်ကူအင်အား ထပ်မံဖြည့်တင်းဖို့ အချိန်တိုအတွင်း မဖြစ်နိုင်သေးဘူးလို့ ယူဆရပါတယ်။ တဖက်မှာလည်း ပြည်သူ့စစ်မှုထမ်းကနေရရှိနေတဲ့ တပ်သားအရင်းအမြစ်ကို ပိုမိုရှာဖွေတာတွေ လုပ်လာနိုင်ပါတယ်။

ဒုတိယဖြစ်တန်ခြေကတော့ မြန်မာစစ်တပ်ရဲ့ထိုးစစ်ကို ခုခံနေရတဲ့ ULA/AA နဲ့ မဟာမိတ်တွေဘက်မှာ နယ်မြေချဲ့ထွင်ရေးအရှိန် တန့်သွားနိုင်တာပါ။ မကွေးတိုင်းက အမှတ်(၁၄) ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ-၁၄)၊ ပဲခူးတိုင်းက အမှတ် (၆)ကာကွယ်ရေးပစ္စည်းစက်ရုံ (ကပစ-၆) နဲ့ ဧရာဝတီတိုင်းက အမှတ် (၃၄၄) အမြောက်တပ်ရင်း (အမတ-၃၄၄) တွေဆီ ဦးတည်နေတဲ့ ULA/AA နဲ့ မဟာမိတ်တပ်တွေရဲ့ထိုးစစ်ဟာ မြန်မာစစ်တပ်ရဲ့ အခုထိုးစစ်ကြောင့် ခံစစ်သဖွယ် ပုံပြောင်းသွားခဲ့ပါတယ်။ ဒါကြောင့် ISP-Myanmar က ၂၀၂၅ ခုနှစ် ဒီဇင်ဘာလမှာ သုံးသပ်ခဲ့တဲ့အတိုင်း ULA/AA နဲ့ ပူးပေါင်းတပ်တွေဟာ မြန်မာစစ်တပ်ရဲ့ ကာကွယ်ရေးပစ္စည်းထုတ်စက်ရုံတွေကို သိမ်းယူဖို့ မလွယ်နိုင်သေးပါဘူး [ISP Stakeholder Tracker အမှတ်-၄၊ ၂၀၂၅ (ST2025-04)ကိုရှုပါ]။

တတိယဖြစ်တန်ခြေအနေနဲ့ အရပ်သားသေဆုံးမှုနဲ့ နေရပ်စွန့်ခွာထွက်ပြေးရသူတွေ တိုးလာတာကြောင့် ULA/AA ထိန်းချုပ်နယ်မြေထဲမှာ လူမှုစီးပွားရိုက်ခတ်မှုတွေ ပိုတိုးပြီး ကြုံရနိုင်ပါတယ်။ ထောင်ချီတဲ့ နေရပ်စွန့်ခွာရသူတွေ ရေကြည်ရာမြက်နုရာ ရွှေ့ပြောင်းရင်း ပြည်နယ်ပြင်ပကို ထွက်ခွာတဲ့အခါ ULA/AA ရဲ့ တားဆီးမှုနဲ့ ဦးစွာကြုံရပါတယ်။ ၂၀၂၆ ခုနှစ် ပထမရှစ်လတာအတွင်း လူကုန်ကူးမှု၊

- ပြည်နယ်ပြင်ပထွက်ခွာဖို့ ကြိုးပမ်းမှုတွေနဲ့ ဆက်စပ်တဲ့ အမှုပေါင်း ၃၀ ကျော်ကို ဖမ်းဆီးအရေးယူခဲ့တယ်လို့ ULA/AA က ဩဂုတ် ၂၉ ရက်မှာ ထုတ်ပြန်ထားပါတယ်။ တိုက်ပွဲတွေကြောင့် နေရပ်စွန့်ခွာသူတွေ ပိုများလာရင် အရပ်သားတွေ ပြည်နယ်ပြင်ပ မရောက်ရှိအောင် ပြဌာန်းထားတဲ့ ဥပဒေပုဒ်မတွေနဲ့ ULA/AA ဘက်က ပိုမိုတင်းကျပ်လာနိုင်တဲ့ အလားအလာရှိပါတယ်။ ဒါ့အပြင် အခုစစ်ပွဲဟာ စစ်ရေးသက်သက် မဟုတ်တော့ပါဘူး။ ဘက်နှစ်ဘက်စလုံးက ထောက်ခံသူအင်အားစုတွေဟာ ဆိုရှယ်မီဒီယာမှာပါ ဝါဒဖြန့်ချိရေးစစ်ပွဲ ဆင်နွှဲနေကြပါတယ်။ အဲဒီအခြေအနေတွေကတဆင့် လူမျိုးရေးကြန်အင်လက္ခဏာဆောင်တဲ့ ပဋိပက္ခကြီး ဖြစ်မသွားစေဖို့လည်း အရေးကြီးပါတယ်။ ■